# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 9 , 2022 Volume 52, Number 6


၉.၃.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၅၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၆၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၄၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၄၇.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၄.၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၃၆.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၀.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၄၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၅၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၃၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၅၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၇၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board–PLB) အမည်ဖြင့် ဒုတိယဈေးကွက် (Second Board) တည်ထောင်ခွင့်ပြု



https://news-eleven.com/article/227075

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board–PLB) အမည်ဖြင့် ဒုတိယဈေးကွက် (Second Board) တည်ထောင်ခွင့်ပြုကြောင်း ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံးက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)ဖြင့် ထုတ်ပြန်ထားသည်။

ရန်ကုန်စတော့အိတ်ချိန်းသည် စာရင်းဝင်အကြို ဈေးကွက်တည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် –

(က) စာရင်းဝင်အကြိုဈေးကွက် တည်ထောင်ရန်လိုအပ်သည့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစည်းမျဉ်း၊ စာရင်းဝင်အကြို ဈေးကွက်၏လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်စာအုပ်၊ မှတ်ပုံတင်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်နှင့် မှတ်ပုံတင်အကြံပေးခန့်အပ်ခြင်းဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အခြားသက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းလမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ကော်မရှင်ကထုတ်ပြန်နိုင်ရန် တင်ပြရမည်။ (ခ) စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်မည့်အများနှင့်သက်ဆိုင်သော ကုမ္ပဏီများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အကြံပေးခန့်အပ်ခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများအားလိုက်နာမှုအခြေအနေများ၊ မှတ်ပုံတင်မည့်ကုမ္ပဏီများ၏ အစုရှယ်ယာများကို အများပြည်သူသို့ကမ်းလှမ်းရောင်းချခြင်း၊ မှတ်ပုံတင်မည့်ကုမ္ပဏီများ၏ အစုရှယ်ယာများအားနိုင်ငံခြားသားများ ပါဝင်ရောင်းဝယ်ခွင့်ပြုခြင်းတို့ကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်၍ ကော်မရှင်သို့တင်ပြရမည်။ (ဂ) စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလာသည့်ကုမ္ပဏီကို သတ်မှတ်ထားသည့် အရည်အသွေးစံသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိမရှိစိစစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကုမ္ပဏီကိုကော်မရှင်၏အတည်ပြုချက်ဖြင့် မှတ်ပုံတင်ခွင့်ပြုရမည်။ (ဃ) မှတ်ပုံတင်အကြံပေးအဖြစ် လျှောက်ထားသည့်ကုမ္ပဏီကို ငွေချေးသက်သေခံလက်မှတ်များ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစည်းမျဉ်းများပါ အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိမရှိစိစစ်ပြီး ကော်မရှင်၏အတည်ပြုချက်ရယူ၍ ခွင့်ပြုရမည်စသည်တို့ပါဝင်သည်။

အောက်ပါကုမ္ပဏီများသည် စာရင်းဝင်အကြိုဈေးကွက်တွင် စာရင်းဝင် ကုမ္ပဏီအဖြစ်မှတ်ပုံတင်ပြီး အစုရှယ်ယာများရောင်းဝယ်ခွင့်ရှိသည်။ ၎င်းတို့မှာ (က) ရန်ကုန်

စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများမှတစ်ပါး ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ ပုဒ်မ ၃၅ ပုဒ်ခွဲ(က)အရ ကော်မရှင်၏အတည်ပြုချက်ဖြင့် အများပြည်သူသို့ အစုရှယ်ယာဖိတ်ခေါ်ထားသည့်ကုမ္ပဏီ၊ (ခ)အစု ရှယ်ယာရှင် ၁၀၀ ဦးနှင့်အထက်ရှိသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ၊ (ဂ)ရန်ကုန်စတော့အိတ်ချိန်းမှ ထုတ်ပြန်သည့် စာရင်းဝင်အကြိုဈေးကွက်စံသတ်မှတ်ချက်နှင့် ကိုက်ညီသည့်ကုမ္ပဏီတို့ဖြစ်သည်။

ထို့ပြင်စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်မည့်ကုမ္ပဏီများ ဆောင်ရွက်ရမည့်အချက်များ၊ မှတ်ပုံတင်အကြံပေး လိုက်နာရမည့်အချက်များ၊ မှတ်ပုံတင်အကြံပေးသည့် ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင် အကြံပေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များစသည်တို့ကိုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါအမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းဝင်အကြိုဈေးကွက် တည်ထောင်ဆောင်ရွက်ရာတွင် ငွေချေး သက်သေခံလက်မှတ်လွှဲပြောင်းမှုများတွင် အီလက်ထရွန်နစ်နည်းဖြင့် မှတ်တမ်းတင်နိုင်ရန် ရန်ကုန်စတော့အိတ်ချိန်း၊ ငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီများနှင့် မှတ်ပုံတင်အကြံပေးကုမ္ပဏီတို့သည် ကော်မရှင်မှထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ ၁/၂၀၁၅ကို လိုက်နာရမည်ဖြစ်ကြောင်း၊ စာရင်းဝင်အကြိုဈေးကွက်တွင် နိုင်ငံခြားသားများကို ကော်မရှင်မှထုတ်ပြန်သည့် အမိန့် ကြော်ငြာစာနှင့်ညွှန်ကြားချက်များနှင့်အညီ ပါဝင်ရောင်းဝယ်ခွင့်ပြုသည်ဟု ဖော်ပြထားသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီများ တိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်စေရန်နှင့် စတော့ ရှယ်ယာဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ရောက်လိုသော်လည်း စာရင်းဝင်ဆိုင်ရာ စံသတ်မှတ်ချက်များ ပြည့်မီရန်လိုအပ်ချက်များရှိနေသော အများပိုင်ကုမ္ပဏီများအတွက် ကြားခံပြင်ဆင်ဆောင်ရွက်သည့် ဈေးကွက်တစ်ခုဖန်တီးပေးရန်၊ မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်း ဝင်အကြိုဈေးကွက်မှတစ်ဆင့် အရင်းအနှီးများရှာဖွေစုဆောင်းနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် YSX တွင် စာရင်းဝင် အကြိုဈေးကွက်အမည်ဖြင့် ဒုတိယဈေးကွက် (Second Board) တည်ထောင်ခွင့်ပြုခြင်း ဖြစ်သည်။

**Source:** https://news-eleven.com/article/227075

## မန္တလေးကုန်စည်ဒိုင်တွင် မတ်လဒုတိယပတ် ဆီထွက်သီးနှံဈေးနှုန်းမြင့်တက်လာ

**နှမ်း**

မန္တလေးကုန်စည်ဒိုင်တွင် နှမ်းအသစ်များဝင်ရောက်မှုမရှိပဲ လက်ကျန်လှောင်လက်နှမ်းများသာရှိပြီး ဈေးဆက်လက် မြင့်တက်လျှက်ရှိသည်။ ရန်ကုန်ဝယ်လက်နှင့်တရုတ်သို့ သင်္ဘောတင်ပို့မှုရှိကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။

၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းများမှာ **နှမ်းဖြူ** တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၇၅၀၀၀ မှ ၁၈၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၇၀၀၀၀ မှ ၁၇၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် တစ်အိတ် ကျပ် ၅၀၀၀ မြင့်တက်လာသည်။ **နှမ်းညို** ယခုတစ်ပတ် ကျပ် ၁၆၅၀၀၀ မှ ၁၇၀၀၀၀ ဖြစ်ပြီး၊ ယခင်တစ်ပတ် ကျပ် ၁၄၅၀၀၀ မှ ၁၅၀၀၀၀ ဖြစ်ခဲ့သည်။ ယခင် တစ်ပတ်ထက် ကျပ် ၂၀၀၀၀ မြင့်တက်လာသည်။ **ဆောင်းနှမ်းနက်** ယခုတစ်ပတ် ကျပ် ၁၆၀၀၀၀ ဖြစ်ပြီး၊ ယခင်တစ်ပတ် ကျပ် ၁၄၂၀၀၀ မှ ၁၄၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၈၀၀၀ မှ ၁၅၀၀၀ မြင့်တက်လာသည်။ **နှမ်းနက် (စမုံ)** ယခု တစ်ပတ် ကျပ် ၁၆၅၀၀၀ မှ ၂၂၅၀၀၀ ဖြစ်ပြီး၊ ယခင်တစ်ပတ် ကျပ် ၁၉၀၀၀၀ မှ ၂၂၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် တစ်အိတ် ကျပ် ၅၀၀၀ မြင့်တက်လာသည်။

**မြေပဲဆန်**

ရွှေဘို၊ မြင်းမူ ဘက်မှ မြေပဲလုံးဆန် (အသစ်) များ ဝင်ရောက်နေပြီး၊ ပြန့်လုံးဆန်များမှာ ကျောက်ပန်းတောင်းဘက်မှ ဝင်ရောက်လျှက်ရှိ၍ ဈေးမြင့်တက်နေသည်။ တရုတ်ဝယ်လက် ရန်ကုန်ဝယ်လက်နှင့် ဆီစက်သမားများမှ ဝယ်ယူလျှက်ရှိသည်။

**မြေပဲလုံးဆန်**တစ်ပိဿာ ဈေးနှုန်းများမှာ **မြေပဲလုံးဆန်(ဖြူ)** ယခု တစ်ပတ် ကျပ် ၄၀၀၀ မှ ၃၉၀၀၊ ယခင် တစ်ပတ် ကျပ် ၃၆၀၀ မှ ၃၅၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကျပ် ၄၀၀ မြင့်တက်လာသည်။ **မြေပဲလုံးဆန်(နီ)** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၃၆၀၀ မှ ၃၆၅၀၊ ယခင်တစ်ပတ်ကျပ် ၂၇၀၀ မှ ၂၈၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကျပ် ၈၅၀ မှ ၉၀၀ မြင့်တက်လာသည်။ **Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်မှ မတ်လ ၄ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူး၊ ငှက်ပျော၊ မြေထောက်ပဲ၊ ပြောင်း၊ ရော်ဘာ၊ ကြံ၊ နှမ်းဖြူ၊ မြေပဲဆန်၊ ငရုတ်သီး(အစို)၊ ပဲတီစိမ်း၊ ဆန်နှင့်ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၄၁၆၃၅၄ ဒသမ ၆၂ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၈၆၃၁၈၁ ဒသမ ၉၃ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၄၂၇၉၅၃၆ ဒသမ ၅၅ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ အင်ဂျင်များ၊ လယ်ထွန်စက်များ၊ ဘတ္တရီအခြောက်များ၊ **Empty Cargo Container 45 Feet** များ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၅၇၂၅၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၀၁၅၃၄ ဒသမ ၁၈ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၃၅၈၇၈၄ ဒသမ ၁၈ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၅၅ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၁ ဒသမ ၆၉ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနေ‌ာမြေကုန်သွယ်မှုဇုဟိုဌာန**

## ထိုင်းနိုင်ငံက ဒစ်ဂျစ်တယ်ပိုင်ဆိုင်မှုများအပေါ် အခွန်ကောက်ခံမှုစည်းမျဉ်းများဖြေလျှော့ပေး



https://www.myawady.net.mm/node/22965

ထိုင်းနိုင်ငံအစိုးရအဖွဲ့က ဒစ်ဂျစ်တယ်ပိုင်ဆိုင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အခွန်ကောက်ခံမှု စည်းမျဉ်းများကို ဖြေလျှော့ပေးလိုက်ပြီဖြစ်ကြောင်း မတ် ၈ ရက်တွင် ထုတ်ပြန်သည်။

အရှေ့တောင်အာရှရှိ ဒုတိယစီးပွားရေး အင်အားကြီးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံအတွင်း ခရစ်တိုငွေကြေး ရောင်းဝယ်ဖောက်ကားမှုများ မြင့်တက်လာပြီးနောက် အဆိုပါလုပ်ငန်းများတွင်ကျယ်လာစေရေး ရည်ရွယ်၍ အခွန်ကောက်ခံမှုစည်းမျဉ်းများကို ဖြေလျှော့ပေးခြင်းဖြစ်သည်။ ဖြေလျှော့ပေးလိုက်သည့် စည်းမျဉ်းအသစ်များအရ ခရစ်တိုငွေကြေး ရောင်းဝယ်ဖောက်ကားသူများအနေဖြင့် အခွန်အတွက်ပေးရမည့်ငွေကို နှစ်စဉ်အရှုံးဖြင့် ခုနှိမ်ခွင့်ရရှိမည်ဖြစ်သည်။

ထို့ပြင် တရားဝင်အသိအမှတ်ပြုငွေလဲဌာနများတွင် ခရစ်တိုငွေကြေးကို ရောင်းဝယ်ဖောက်ကားမှုအတွက် ကျသင့်မည့်ဝန်ဆောင်မှုအပေါ် စည်းကျပ်ခွန် ၇ ရာခိုင်နှုန်းကိုလည်း ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး အာခွန်တမ်ပစ်တယာပိုင်ဆစ်က သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

ထိုကဲ့သို့အခွန်ကင်းလွတ်ခွင့်ပေးမှုသည် ယခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိအကျုံးဝင်မည်ဖြစ်ပြီး ကင်းလွတ်ခွင့်ရမည့် ဒစ်ဂျစ်တယ်ငွေကြေးတွင် ဗဟိုဘဏ်ကထုတ်လုပ်ရောင်းချမည့် ဒစ်ဂျစ်တယ်ငွေကြေးလည်း အပါအဝင်ဖြစ်သည်။ ထိုင်းနိုင်ငံ၌ ဒစ်ဂျစ်တယ်ပိုင်ဆိုင်မှု လုပ်ငန်းများသည် ပြီးခဲ့သည့်နှစ်အတွင်း လျင်မြန်စွာမြင့်တက်လာခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် အဆိုပါလုပ်ငန်းမှ ရောင်းဝယ်ဖောက်ကားမှု ငွေကြေးတန်ဖိုး ဘတ် ၁၇၀၀၀၀ ကျော်သာရှိရာမှ ၂၀၂၁ ခုနှစ်အကုန်တွင် ဘတ် ၂ သန်းနီးပါးအထိရှိလာပြီဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီလတွင်ပြောထားသည်။

အဆိုပါ ဒစ်ဂျစ်တယ်ငွေကြေးများအနက် ထိုင်းနိုင်ငံ၌ လူကြိုက်အများဆုံးနှင့် ရောင်းဝယ်ဖောက်ကားမှုအရှိဆုံး ငွေကြေးမှာ ဘစ်ကွိုင်ခရစ်တိုငွေကြေးဖြစ်သည်။ အလားတူ အဆိုပါလုပ်ငန်းဆောင်ရွက်ရေးအတွက် စတင်တည်ထောင်သည့် ကုမ္ပဏီများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပါဝင်ရင်းနှီးမြှုပ်နှံမှုများအတွက်လည်း အခွန်ကင်းလွတ်ခွင့်ပေးထားသည်။ အဆိုပါ ကုမ္ပဏီများတွင် နှစ်နှစ်ဆက်တိုက်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၂၀၃၂ ခုနှစ် ဖွန်လအထိ အခွန်ဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရမည်ဖြစ်ကြောင်းသိရသည်။

**Ref: CNA**

**Source:** https://www.myawady.net.mm/node/22965

## လျှပ်စစ်ကားများ ထုတ်လုပ်ရောင်းချရန် ဆိုနီနဲ့ဟွန်ဒါပူးပေါင်း

ဂျပန်အခြေစိုက် ဆိုနီလုပ်ငန်းစုနဲ့ ဟွန်ဒါမော်တော်ကားကုမ္ပဏီတို့ဟာ လျှပ်စစ်ကားတွေ ထုတ်လုပ်ရောင်းချဖို့အတွက် ပူးပေါင်းလိုက်ပြီဖြစ်ပါတယ်။ အဲဒီကုမ္ပဏီနှစ်ခုပူးပေါင်းပြီး ကုမ္ပဏီသစ်တစ်ခုတည်ထောင်ကာ သူတို့ရဲ့ပထမဆုံးလျှပ်စစ်ကားကို ၂၀၂၅ ခုနှစ်မှာ ရောင်းချဖို့စီစဉ်ထားပါတယ်။

ဒီလိုထုတ်လုပ်ရောင်းချရာမှာ ဟွန်ဒါက မော်တော်ကားထုတ်လုပ်မှု နည်းပညာပိုင်းကို အဓိကတာဝန်ယူမှာဖြစ်ပြီး ဆိုနီကတော့ မော်တော်ကားရဲ့ အာရုံခံကိရိယာတွေနဲ့ ဆက်သွယ်ရေးနည်းပညာကို ပံ့ပိုးပေးမှာဖြစ်ပါတယ်။ မိမိတို့ ဆိုနီရဲ့ နည်းပညာနဲ့ အတွေ့အကြုံတွေကို ဟွန်ဒါရဲ့မော်တော်ကားဆိုင်ရာ နည်းပညာတွေနဲ့ပေါင်းစပ်ပြီး လူသားတွေအတွက် ခရီးသွား လာမှုဆိုင်ရာ နည်းပညာသစ်တွေကို အပြောင်းအလဲပြုလုပ်ဖို့ရည်ရွယ်ကြောင်း ဆိုနီရဲ့ဥက္ကဋ္ဌနဲ့ စီအီးအိုဖြစ်သူ ယိုရှီဒါကန်နီရှီယိုက ပြောပါတယ်။

ဆိုနီဟာ သူ့ရဲ့ ကိုယ်ပိုင်လျှပ်စစ်ကားကို လွန်ခဲ့တဲ့ လေးနှစ်ကတည်းက စတင်တီထွင်နေခဲ့ပြီး ဇန်နဝါရီလအတွင်းမှာတော့ ရှေ့ပြေးနမူနာပုံစံကို ထုတ်ဖော်ပြသခဲ့ကာ လျှပ်စစ်ကားဈေးကွက်ကို ဝင်ရောက်နိုင်ဖို့ နည်းလမ်းရှာဖွေနေတယ်လို့ ထုတ်ဖော်ပြောဆိုထားပါတယ်။

**Source:** http://sdtimedaily.com/

## တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုက ပထမနှစ်လအတွင်း တိုးတက်မှုအားကောင်းလျက်ရှိ

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုမှာ ကာလရှည်တိုးတက်မှုအတွက် မပြောင်းလဲသော အခြေခံအချက်များ ဖြစ်ပွါးနေစဉ် အတွင်း ယခုနှစ် ပထမနှစ်လအတွင်း တည်ငြိမ်သော တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း သိရသည်။ ဇန်နဝါရီ–ဖေဖော်ဝါရီကာလအတွင်း တရုတ်နိုင်ငံ၏ စုစုပေါင်းသွင်းကုန်နှင့်ပို့ကုန်များသည် ယမန်နှစ်ကထက် ၁၃.၃ ရာခိုင်နှုန်း တိုးချဲ့နိုင်ခဲ့ကာ ယွမ် ၆.၂ ထရီလီယံရှိခဲ့ကြောင်း မတ် ၇ ရက်ထုတ် တရားဝင်အချက်အလက်များအရ သိရသည်။

သွင်းကုန်နှင့်ပို့ကုန် နှစ်မျိုးလုံးမှာ ယင်းကာလအတွင်း နှစ်ဆဆက်လက်မြင့်တက်ခဲ့ကြောင်း၊ ယမန်နှစ် အလားတူကာလမှ ၁၃.၆ ရာခိုင်နှုန်းနှင့် ၁၂.၉ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့ကြောင်း အကောက်ခွန် အထွေထွေညွှန်ကြားမှုဦးစီးဌာန (GAC) အရသိရသည်။အမေရိကန်ဒေါ်လာဖြင့်ဆိုပါက အဆိုပါကာလအတွင်း စုစုပေါင်းကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၉၇၃.၄၅ ဘီလီယံရှိခဲ့ပြီး ယမန်နှစ်ကထက် ၁၅.၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အချက်အလက်များက ဖော်ပြထားသည်။

"ပြင်ပ မသေချာမှုတွေနဲ့ ရှုပ်ထွေးမှုတွေဖြစ်ပေါ်နေတဲ့ကြားကပဲ တရုတ်နိုင်ငံရဲ့ ကုန်သွယ်ရေးဟာ တည်ငြိမ်စွာစတင်ခဲ့ပါတယ်" ဟု ယင်းသို့စတင်မှုက တရုတ်နိုင်ငံ၏ စီးပွားရေးနှင့်ဆောင်ရွက်ချက်များကို တည်ငြိမ်သောတိုးတက်မှုရှိစေရန် အားကောင်းကောင်းဖြင့် ကြံ့ကြံ့ခံနိုင်ရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း GAC တာဝန်ရှိသူ Li Kuiwen က ပြောခဲ့သည်။အဆိုပါကာလအတွင်း ကုန်သွယ်မှုမြင့်တက်ခြင်းက ယမန်နှစ်က ၁၉.၅ ရာခိုင်နှုန်းဖြင့် အမေရိကန်ဒေါ်လာ ၁၁၅.၉၅ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်းသိရသည်။

ကုန်စည်အမျိုးအစားများအရ စက်ပစ္စည်းနှင့်လျှပ်စစ်ပစ္စည်းဆိုင်ရာထုတ်ကုန်များ တင်ပို့မှုများသည် ၉.၉ ရာခိုင်နှုန်းမြင့်တက်လာခဲ့ရာ စုစုပေါင်း ၅၈.၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း၊ လုပ်အားအသုံးပြုထုတ်ကုန်များမှာလည်း ပထမနှစ်လအတွင်း

၈.၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း GAC အချက်အလက်၌ ဖော်ပြထားသည်။တရုတ်နိုင်ငံ၏ သွင်းကုန်နှင့် ပို့ကုန်များသည် ထိပ်တန်းကုန်သွယ်ဖက်များဖြစ်သော ဥရောပသမဂ္ဂ၊ အာဆီယံ၊အမေရိကန်နိုင်ငံတို့နှင့်အတူ ပထမနှစ်လအတွင်း ၁၂.၄ ရာခိုင်နှုန်း၊ ၁၀.၅ ရာခိုင်နှုန်းနှင့် ၉.၇ ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြောင်းသိရသည်။ထို့ပြင် ရပ်ဝန်းနှင့်ပိုးလမ်းမ နိုင်ငံများနှင့်အတူ တရုတ်နိုင်ငံ၏ သွင်းကုန်နှင့်ပို့ကုန်များမှာလည်း ယမန်နှစ်က ၁၈.၃ ရာခိုင်နှုန်း၊ ယွမ် ၁.၉၂ ထရီလီယံရှိခဲ့ကြောင်း GAC အချက်အလက်များ၌ ဖော်ပြထားသည်။

ပြည်ပနိုင်ငံများမှ များပြားလှသော ဝယ်လိုအားများက တရုတ်နိုင်ငံ၏ ပို့ကုန်များကို မြင့်တင်ပေးခဲ့ခြင်း ဖြစ်ကြောင်းနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ထုတ်လုပ်မှုရပ်တည်ချက်မှာ ဆက်လက်မြင့်မားနေပြီး ပြည်ပ၌ ကပ်ရောဂါကာကွယ်ရေး ဆောင်ရွက်ချက်များ ဆက်လက်ဖြေလျှော့နေသဖြင့် ဝယ်လိုအားကို ထပ်မံလွှမ်းခြုံလာခြင်းဖြစ်ဖွယ်ရှိကြောင်း Hua Chuang Securities ၊ မက်ခရိုစီးပွားရေး လေ့လာဆန်းစစ်မှုအကြီးအကဲ ကျန်းယွီကပြောခဲ့သည်။

တိုးတက်မှုတည်ငြိမ်စေရေးမူဝါဒများ အကောင်အထည်ဖော်ခြင်းဖြင့် ထုတ်လုပ်ရေးဘက်၌ အနာဂတ်တွင် အနည်းငယ် တိုးတက်မှုကို မြင်တွေ့နိုင်ကြောင်း၊ ယင်းမှာ သွင်းကုန်တိုးတက်မှုကို ထပ်မံမြှင့်တင်ပေးမည်ဖြစ်ကြောင်း Guotai Junan Securities ၊ မက်ခရိုစီးပွားရေး လေ့လာဆန်းစစ်မှုအကြီးအကဲ Dong Qi က မှတ်ချက်ပြုခဲ့သည်။

ဖေဖော်ဝါရီလတွင် တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် ဝယ်ယူမှုစီမံခန့်ခွဲမှု၏ညွှန်းကိန်းမှာ ၅၀.၂ အထိ ပိုမိုကောင်းမွန်လာမည်ဟု မျှော်မှန်းထားသည်။ အော်ဒါအသစ်ညွှန်းကိန်းငယ်မှာလည်း ၅၀.၇ အထိ မြင့်တက်လာခြင်းဖြင့် တိုးချဲ့မှုဇရိယာသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း၊ ကုန်ထုတ်လုပ်မှုဈေးကွက်၌ ဝယ်လိုအားမြင့်တက်လာခြင်းကို ရည်ညွှန်းခြင်း ဖြစ်ကြောင်း တရားဝင်အချက်အလက်တွင် ဖော်ပြထားသည်။

**Source:** https://xinhuamyanmar.com/

## ဒုတိယသုံးလပတ်မှာ ထိုင်းနိုင်ငံဆန်ဈေး ၅ ရာခိုင်နှုန်း မြင့်လာမယ်လို့ခန့်မှန်း

ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ကမ္ဘာ့ကုန်စည်ဈေးတွေ မြင့်တက်လာတဲ့နောက်မှာ လာမယ့်ဒုတိယ ၃ ပတ်အတွင်း ထိုင်းဆန်ဈေးတွေဟာ ၅% လောက် မြင့်လာနိုင်တယ်လို့ ထိုင်းဆန်ပို့ကုန်အသင်းရဲ့ နာယကဖြစ်သူ၊ ယခင်ကထိပ်တန်း ဆန်ကုန်သည်ကြီးဖြစ်တဲ့ Chookiat က ပြောပါတယ်။ မြင့်တက်လာနေတဲ့ရေနံလောင်စာဈေးတွေကြောင့် စားသောက် ကုန်ဈေးတွေတက်လာချိန်မှာ ရုရှား၊ ယူကရိန်း နှစ်နိုင်ငံစလုံးက ဂျုံထုတ်လုပ်တင်ပို့သူတွေဖြစ်လို့ ကမ္ဘာ့အဝန်း ဂျုံရှားပါး ပြတ်လပ်မှာကို စိုးရိမ်လာနေကြတယ်လို့သူကပြောပါတယ်။ ဗီယက်နမ်နဲ့ ထိုင်းမှာဆန်ထုတ်လုပ်မှုတိုးလာနိုင်သလို အိန္ဒိယမှာ လည်း ဆန်သိုလှောင်လက်ကျန်တွေရှိနေလို့ ဒီနှစ်ဒုတိယသုံးလပတ်မှာ ထိုင်းဆန်ဈေးက ၅% ပဲ မြင့်လာနိုင်တယ်လို့ သူက ဆိုပါတယ်။

၂၀၂၁-၂၂ ရာသီမှာ လွန်ခဲ့တဲ့ ၂ နှစ်ကလို မိုးခေါင်ရေရှားမှုမျိုး မဖြစ်နိုင်တော့ဘူးလို့ ထိုင်းဆန်ပို့ကုန်အသင်းက ခန့်မှန်း ထားပြီး ရေပေါပေါများများ ရှိနေတာကြောင့်လည်း သီးထပ်ဆန်စပါးက အထွက်နှုန်း တိုးလာနိုင်တယ်လို့ ခန့်မှန်းနေ ပါတယ်။ရုရှား-ယူကရိန်းဘက်က သီးနှံတင်ပို့မှုဟာ တန်ချိန် ၆၀၀၀ နဲ့ ၃၀၀၀ ဝန်းကျင်သာရှိနေလို့ ဒီနိုင်ငံ ၂ ခုကြားမှာ ဖြစ်ပွားနေတဲ့စစ်ပွဲက ထိုင်းဆန်ပို့ကုန်လုပ်ငန်းအပေါ် သက်ရောက်မှု မရှိနိုင်ဘူးလို့ Chookiat ကပြောပါတယ်။

ပြီးတော့ ထိုင်းဆန်ရဲ့ ဖောက်သည်တွေဖြစ်တဲ့ အရှေ့အလယ်ပိုင်းဒေသက အီရန်၊ အီရတ်နဲ့ ဆော်ဒီအာရေဗျလို နိုင်ငံတွေ ဆီကနေ အဝယ်ပြန်ထွက်လာနိုင်လို့ ထိုင်းဆန်ပို့ကုန် ဈေးကွက်အတွက် ကံကောင်းလိမ့်မယ်လို့ သူကဆိုပါတယ်။ ထိုင်းဆန် ပို့ကုန်အသင်းအနေနဲ့ ဒီနှစ်မှာ စိုက်ပျိုးရေး ပေါပေါများများရလာတာကြောင့် ပြည်ပကို ဆန်တန်ချိန် ၇ သန်းတင်ပို့ပြီး မနှစ် ကထက် တင်ပို့မှု ၁၄.၈% တိုးတက်လာမယ်လို့ မျှော်မှန်းထားပါတယ်။ ဘတ်ငွေလဲနှုန်းအားသာချက် ရှိနေသလို ကိုဗစ်ကပ်ရောဂါ ကနေ ကမ္ဘာ့အဝန်း နာလန်ပြန်ထူလာတာကြောင့်လည်း ထိုင်းဆန်ဝယ်လိုအား မြင့်မားလာမယ်လို့ ခန့်မှန်းထားတာဖြစ်ပါတယ်။

Ref: Vietnam Plus

Source: Current Contant

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ပြည်တွင်း၊ ပြည်ပ ကြက်သွန်နီဈေးတွေမြင့်တက်လာ

ဘင်္ဂလားဒေ့ရှ်မှာ အစောပိုင်းထွက်ရှိလာတဲ့ မူရီကာတာအမည်ရှိ ပြည်တွင်းကြက်သွန်နီဈေးဟာ တစ်ကီလိုဂရမ်ကို ၆၅-၇၅ တာကာအထိ တောက်လျှောက်မြင့်တက်နေပြီး အိန္ဒိယကနေတင်သွင်းတဲ့ ကြက်သွန်ဈေးကလည်း တစ်ကီလိုဂရမ်ကို ၅၅-၆၀ တာကာကို မြင့်လာတဲ့အတွက် စားသုံးသူတွေ စိုးရိမ်တကြီးဖြစ်လာပါတယ်။ မူရီကာတာကြက်သွန်ဟာ ပြီးခဲ့တဲ့အပတ်က ၁၅-၂၀ တာကာ မြင့်တက်ခဲ့ပြီး အခုတော့ တစ်ရက်တာအတွင်းမှာ ၅ တာကာ ဆက်တက်လာတယ်လို့ ကုန်ခြောက်ဆိုင်တွေနဲ့ ဈေးကွက်တွေထဲကနေ စုံစမ်းသိရှိရပါတယ်။

ပြည်တွင်းကြက်သွန်နီဈေးဟာ တစ်ပတ်အတွင်းမှာ ၁၆% မြင့်တက်လာပြီး လွန်ခဲ့တဲ့ တစ်နှစ်ကဈေးနဲ့ယှဉ်ရင် ၅၀% အထက် မြင့်မားနေတယ်လို့ ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေးကော်ပိုရေးရှင်း TCB ရဲ့ ဈေးနှုန်းစစ်တမ်းမှာ ဖော်ပြထားပါတယ်။အရင်အပတ် သောကြာနေ့မနက်မှာ တစ်ကီလိုဂရမ်ကို ၅၆-၅၇ တာကာသာရှိတဲ့ ကြက်သွန်လက်ကားဈေးက စနေနေ့ ညနေမှာ ၆၃ တာကာဈေးကို မြင့်တက်သွားတယ်လို့ ကုန်စုံဆိုင်ပိုင်ရှင်တစ်ဦးက ပြောပြပါတယ်။

ပြည်တွင်းထွက်ကြက်သွန်ဈေးလိုပဲ အိန္ဒိယကြက်သွန်ဈေးလည်း တပြေးတည်းလိုက်တက်လာပြီး မူရီကာတာ ကြက်သွန် အရောင်းရှားပါးမှုကြောင့် အခုလိုဈေးတက်လာတာဖြစ်တယ်လို့ ကုန်သည်တွေကပြောပါတယ်။ ဖေဖော်ဝါရီပထမပတ်မှာ အချိန်အခါမဟုတ် မိုးတွေရွာခဲ့လို့ မူရီကာတာ ကြက်သွန်ခင်းတွေရော ရာသီအလိုက်စိုက်ပျိုးတဲ့ ကြက်သွန်တွေပါ အပျက်အစီး ဖြစ်လို့ ဈေးကွက်မှာအရောင်းပြတ်လပ်မှု ဖြစ်နေတယ်လို့ဆိုပါတယ်။ ပြည်ပကနေတင်သွင်းတဲ့ မြန်မာကြက်သွန်နီဟာ တစ်ကီလို ဂရမ်ကို ၄၈-၅၀ တာကာ ဈေးရှိနေပြီး အိန္ဒိယထွက် ကြက်သွန်နီဈေးကလည်း ၄၆-၄၈ တာကာဈေးဖြစ်နေလို့ သွင်းကုန်စရိတ် မြင့်နေတယ်လို့လည်း သိရပါတယ်။

ဒါပေမဲ့ ရာသီအလိုက်ပေါ်တဲ့ဟာလီကြက်သွန်သစ်တွေ ဈေးကွက်ထဲကို တစ်ပတ်အတွင်း ဝင်လာဖို့ရှိနေပြီး အဲဒီ ကြက်သွန်သစ်တွေဝင်လာရင်တော့ ကြက်သွန်အမျိုးအစားအားလုံး ဈေးပြန်အေးနိုင်တယ်လို့ ကုန်သည်တွေကခန့်မှန်းကြ ပါတယ်။ ဘင်္ဂလားဒေ့ရှ်မှာ ပြီးခဲ့တဲ့ရာသီက ကြက်သွန်အထွက်နှုန်းဟာ သမိုင်းတလျှောက် အများဆုံးပမာဏဖြစ်တဲ့ တန်ချိန် ၂.၃ သန်းအထိရှိခဲ့ပြီး ဝယ်လိုအားက တန်ချိန် ၂.၆ သန်းရှိနေတယ်လို့ နိုင်ငံစာရင်းအင်းအဖွဲ့ကနေ ထုတ်ပြန်ထားပါတယ်။

**Ref: The Financial Express**

**Source: Current Contant**

## German Tea and Herbal Infusions Association နှင့်တွေ့ဆုံဆွေးနွေးခြင်း

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့အခြေစိုက် German Tea and Herbal Infusions Association မှ Secretary General ဖြစ်သူ Mr. Maximilian Wittig နှင့် ၄.၃.၂၀၂၂ ရက်နေ့တွင် အွန်လိုင်း အစည်းအဝေး(Zoom)ပြုလုပ်၍ တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးသံမှူးက ဆွေးနွေးပွဲမတိုင်မီပေးပို့ထားသော မြန်မာနိုင်ငံရှိ လက်ဖက်(Fermented Tea) နှင့်လက်ဖက်ခြောက်ထုတ်ကုန်သတင်းအချက်အလက်များကို လေ့လာကြည့်ရှုပြီးဖြစ်မည်ဟု ယူဆပါကြောင်း၊ ဝက်ဘ်ဆိုက် အချက်အလက်များကိုလေ့လာမှုအရ ဂျာမနီနိုင်ငံသည် နိုင်ငံများစွာမှ လက်ဖက်ခြောက်များကိုတင်သွင်းပြီး ပြည်တွင်းစားသုံးမှု နှင့် ပြန်လည်တင်ပို့ခြင်းတို့ကို ဆောင်ရွက်သည်ကို တွေ့ရှိရပါကြောင်း၊ တင်သွင်းမှုပိုင်းတွင်အာရှနိုင်ငံများအနက် တရုတ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှားနိုင်ငံတို့မှ အများဆုံးတင်သွင်းနေကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ရေမြေတောတောင်အနေအထားများ အရ Green tea၊ black tea ၊ red tea တို့အပြင် Fermented Tea ကိုလည်း ထုတ်လုပ်ရရှိလျှက်ရှိကြောင်း၊ မြန်မာကုမ္ပဏီ များသည် ဥရောပတိုက်နိုင်ငံများအနက် ဂျာမနီနိုင်ငံရှိ ကုမ္ပဏီများသို့ လက်ဖက်ခြောက်ထုတ်ကုန်များ တင်ပို့လျှက်ရှိပြီး Fermented Tea ကို ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်နိုင်ငံများသို့ တင်ပို့လျှက်ရှိကြောင်းရှင်းလင်းပြီး လက်ရှိမြန်မာနိုင်ငံမှ အခြားတင်ပို့နေသောနိုင်ငံများ၊ Fermented Tea ထုတ်လုပ်ပုံ အဆင့်ဆင့်အကျဉ်းအချက်အလက်များ၊ မြန်မာနှင့်ဥရောပပုံစံ စားသုံးမှုနည်းလမ်းအမျိုးမျိုးနှင့် ကျန်းမာရေးအထောက်အကူပြုသည့်အချက်များ၊ ယခုအခါ မြန်မာ Fermented Tea ကို ဂျာမနီ နိုင်ငံ အွန်လိုင်းဈေးကွက်တွင်ရောင်းချလာခြင်းအကြောင်းစသည်တို့ကို Presentation အကျဉ်းချုပ်ပြုလုပ်ဆွေးနွေးရှင်းလင်းပါ သည်။

Secretary General က German Tea Association နှင့် Herbal Infusions Association တို့သည် ယခင်က သီးခြားစီရပ်တည်ခဲ့သော်လည်း ၂၀၂၀ခုနှစ်မှ စတင်၍ German Tea and Herbal Infusions Association ဟူ၍ အသင်းအဖွဲ့ တစ်ခုတည်းအဖြစ်ပေါင်းစည်းဆောင်ရွက်ခဲ့ကြောင်း၊ ဂျာမန်ကုမ္ပဏီများအနေဖြင့် လက်ဖက်ခြောက်ကို ပုံမှန်တင်သွင်းမှု တစ်ခု အနေဖြင့်ဆောင်ရွက်ကြကြောင်း၊ မိမိအနေဖြင့် Fermented Tea (လက်ဖက်)အကြောင်းကို ပထမဆုံးအကြိမ် သိရှိလေ့လာ ရခြင်းဖြစ်ပြီး များစွာစိတ်ဝင်စားမှုရှိကြောင်း၊ မိမိတို့အသင်းတွင် Recipe session ရှိပြီး အဖွဲ့ဝင်များသို့ အဆိုပါအစီအစဉ်တွင် လက်ဖက်ကို စမ်းသပ်မိတ်ဆက်ပေးနိုင်ကြောင်း၊ လက်ဖက်ကို စားသောက်ကုန်များတွင်ပါဝင်ပစ္စည်း (Ingredient) တစ်ခု အနေဖြင့် ထည့်သွင်းလျှင် မည်သို့ကွဲပြားခြားနားပုံ၊ အရန်ဟင်းတစ်ခုအနေနှင့် မည်သို့ပြင်ဆင်နိုင်ပုံတို့ကိုပြသနိုင်လျှင် စိတ်ဝင်စားမှုရှိနိုင်ကြောင်း၊ ဂျာမနီနိုင်ငံတွင် Fermented ပြုလုပ်ထားသော အစားအစာများ၊ Specialty food များကို စိတ်ဝင်စားမှုရှိလာကြကြောင်း၊ Recipe session တွင်ထည့်သွင်း၍ Presentation ပြုလုပ်ပြီး အဖွဲ့ဝင်များကို awareness ပြုလုပ်ကာ ဝက်ဘ်ဆိုက်တွင် သတင်းအချက်အလက်တင်ပေးနိုင်ကြောင်း၊ မိမိတို့ ဝက်ဘ်ဆိုက် အချက်အလက်များကို နံမည်ကြီး မဂ္ဂဇင်းများက ထည့်သွင်းကြကြောင်း၊ ဤနည်းလမ်းဖြင့် လက်ဖက်ကို စိတ်ဝင်စားမှုရှိသည့်လုပ်ငန်းများက မြန်မာလက်ဖက် လုပ်ငန်းများ နှင့်ဆက်လက်ချိတ်ဆက်နိုင်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်ဂျာမနီနိုင်ငံအကြား စားသောက်နေထိုင်မှု ပုံစံများ ကွာခြားခြင်းကြောင့် မြန်မာပုံစံစားသောက်မှုကို တိုက်ရိုက်မိတ်ဆက်နိုင်ရန် မလွယ်ကူကြောင်း၊ Recipe session မှ တာဝန်ရှိသူများအနေဖြင့် ဥရောပပုံစံစားသုံးမှုတွင် ပါဝင်မိတ်ဆက်ကာ လက်ဖက်၏ကောင်းမွန်သည့်အချက်များကို စားသုံးသူ များသိရှိရန်ပြုလုပ်ခြင်းသည် နည်းလမ်းတစ်ခုဖြစ်ကြောင်းစသည်ဖြင့် ဆွေးနွေးရှင်းလင်းပါသည်။

စီးပွားရေးသံမှူးက ယခုကဲ့သို့ နည်းလမ်းများအကြံပြုဆွေးနွေးခြင်းမှာ ကောင်းမွန်ပါကြောင်း၊ မြန်မာနိုင်ငံမှ အော်ဂဲနစ် လက်ဖက်နမူနာထုတ်ကုန်အချို့ကို ဟမ်းဘတ်ရုံးချုပ်သို့ပို့ပေးနိုင်ပါကြောင်း၊ Recipe session တွင် ထည့်သွင်း မိတ်ဆက်ပေး နိုင်ရန် လက်ဖက်ထုတ်လုပ်မှုလုပ်ငန်းစဉ်အချက်အလက်များကိုလည်း ထပ်မံပေးပို့ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

Secretary General က လက်ဖက်နမူနာထုတ်ကုန်များနှင့် ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များပို့ပေးမည်ဆိုလျှင် ပိုမို ကောင်းမွန်ပါကြောင်း၊ Feedback ပြန်လည်ပေးမည်ဖြစ်ကြောင်း၊ Recipe session တွင် မည်သည့်ပုံစံဖြင့် ပါဝင်ထည့်သွင်းနိုင် မည်ကို စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပါသည်။

ဆွေးနွေးပွဲပြီးနောက် စီးပွားရေးသံမှူးက လက်ဖက် Product profile ၊ မြန်မာနိုင်ငံ လက်ဖက်ထုတ်လုပ်တင်ပို့သူများ အသင်းက ရိုက်ကူးပေးပို့ထားသော မြန်မာလက်ဖက်ကဏ္ဍ ဗီဒီယိုဖိုင်တို့ကို အီးမေးဖြင့်ပေးပို့ခဲ့ပြီး၊ အသင်း၏ ဟမ်းဘတ်ရုံးချုပ် သို့ Yathar wathi Company မှ ပေးပို့ထားသော Paline အမှတ်တံဆိပ် အော်ဂဲနစ်လက်ဖက်နှင့်လက်ဖက်ခြောက်နမူနာ ထုတ်ကုန်အချို့ကိုလည်း ပေးပို့ထားရှိပြီးဖြစ်ပါသည်။

**Source: သီတာဝင်းငွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘာလင်မြို့)**

## ရုရှားနှင့်ယူကရိန်းပဋိပက္ခ၏ သက်ရောက်မှုကို ဘယ်လ်ဂျီယံစီးပွားရေးလုပ်ငန်းများက စိုးရိမ်လျက်ရှိခြင်း

ယူကရိန်းနှင့်ရုရှားနိုင်ငံတို့အကြား လက်ရှိပဋိပက္ခ၏ သက်ရောက်မှုကို ဘယ်လ်ဂျီယံရှိ စီးပွားရေးလုပ်ငန်းများက စိုးရိမ် လျက်ရှိကြကြောင်း၊ စွမ်းအင်ဈေးနှုန်းများ မြင့်တက်နေခြင်းနှင့် ရုရှားနိုင်ငံအပေါ် အီးယူ၏စီးပွားရေးပိတ်ဆို့မှုများကြောင့် မသေချာမရေရာမှုများစွာကို ဖြစ်ပေါ်စေ ကြောင်း Flandersnews.be ဝက်ဘ်ဆိုဒ်တွင် “Belgian business fears impact of the Ukraine War” ခေါင်းစဉ်ဖြင့် သတင်းဖော်ပြထားပါသည်။

ယူကရိန်းနိုင်ငံအား ဥရောပ၏ ကောက်ပဲသီးနှံရောင်းချရာဌာနဟူ၍ မကြာခဏရည်ညွှန်းပြောဆိုကြကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံမှ ကောက်ပဲသီးနှံများကို တိုက်ရိုက်တင်သွင်းခြင်းမဟုတ်သော်လည်း ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ကောက်ပဲသီးနှံများရောင်းချမှုကို ရပ်တန့်သွားစေပြီး၊ ဈေးနှုန်းမြင့်တက်လာစေကြောင်း ဖော်ပြထားပါသည်။ စွမ်းအင်အတွက် ကုန်ကျစရိတ်ကြီးမြင့်မှုကြောင့် ကောက်ပဲသီးနှံဈေးနှုန်းများသည် မြင့်တက်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ ကြက်/ဘဲနှင့် ဝက်မွေးမြူသူများအတွက် ပြဿနာရှိလာနိုင်သည်ဟု ဘယ်လ်ဂျီယံရှိ လယ်သမားများသမဂ္ဂ

က ရှုမြင်ထားကြောင်း၊ တိရစ္ဆာန်အစာအတွက် ကုန်ကျစရိတ် မြင့်တက်လာပါက အမြတ်အစွန်းရရှိမှု ပိုနည်းလာနိုင်ကြောင်း စွမ်းအင်ဈေးများမြင့်တက်နေခြင်း၊ မိုးသည်းထန်မှုများကြောင့် ကောက်ပဲသီးနှံရိတ်သိမ်းထွက်ရှိမှုကျဆင်းခြင်းနှင့် ရုရှား-ယူကရိန်းပဋိပက္ခတို့သည် ကြီးမားသောရိုက်ခတ်မှုဖြစ်စေနိုင်ကြောင်း ဖော်ပြထားပါသည်။

ဘယ်လ်ဂျီယံ၏ သစ်သီးဝလံစိုက်ပျိုးသူ လယ်သမားများအနေဖြင့်လည်း အခက်အခဲကြုံရလျက်ရှိကြောင်း၊ သစ်သီးဝလံများအား ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့သို့ ရောင်းချနိုင်မှုမရှိခြင်း၊ သစ်သီးဝလံစိုက်ပျိုးသူများစွာသည် ယူကရိန်းနိုင်ငံမှ အလုပ်သမားများကို ယာယီစာချုပ်ဖြင့် ခန့်ထားမှုများရှိပြီး၊ လက်ရှိဖြစ်ပေါ်နေသည့်ကိစ္စရပ်ကြောင့် ၎င်းတို့အနေဖြင့် နေရပ်သို့ ပြန်ရသည့် ကိစ္စရပ်များရှိလာကြောင်းလည်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၊ ဖလန်းဒါးအရှေ့ပိုင်း Melle ရှိ Brewery Huyghe သည် Delirium Tremens ဘီယာထုတ်လုပ်သည့် လုပ်ငန်းတစ်ခုဖြစ်ပြီး၊ ရုရှားနိုင်ငံသို့ ၎င်း၏ဘီယာတင်ပို့မှုသည် လုပ်ငန်းဝင်ငွေ၏ (၃) ရာခိုင်နှုန်းကို ကိုယ်စားပြုထားကြောင်း၊ အထူးထုတ်လုပ်သော ဘီယာအတွက် ရုရှားနိုင်ငံဈေးကွက်သည် တိုးတက်နေသော ဈေးကွက်တစ်ခုဖြစ်ပြီး၊ ယခုအခါ ယင်းဈေးကွက်ကို အလုံးစုံဆုံးရှုံးမည့်အခြေအနေရှိနေသည်ဟု ၎င်းကုမ္ပဏီကပြောကြားကြောင်း ဖော်ပြထားပါသည်။ ၎င်းကုမ္ပဏီအနေဖြင့် ဘီယာထုတ်လုပ်ရာတွင် အဓိကပါဝင်ပစ္စည်းဖြစ်သည့် မုယောဈေးနှုန်းမြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပုလင်းများ ရှားပါးမှုပြဿနာရှိနေပြီး Huyghe ကုမ္ပဏီအနေဖြင့် ရုရှားနိုင်ငံမှတစ်ဆင့် တစ်နှစ်လျှင် ပုလင်းအရေ အတွက် (၁၅) သန်းခန့်ကိုဝယ်ယူကြောင်း၊ ထိုသို့ဝယ်ယူနိုင်ခြင်းမရှိတော့ပါက ဘီယာထုတ်လုပ်ရာတွင်လိုအပ်သည့် ပုလင်းများကို အီးယူ၌ ရှာဖွေဝယ်ယူရာတွင် အခက်အခဲရှိနိုင်ကြောင်း ဖော်ပြထားပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၏ စိန်ဈေးကွက်အပေါ်တွင်လည်း ရုရှား-ယူကရိန်းအရေးကိစ္စ၏ သက်ရောက်မှုရှိလာမည်ကို စိုးရိမ်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံသည် ဘယ်လ်ဂျီယံနိုင်ငံသို့ စိန်အကြမ်းထည် (raw diamonds) များကို ဒုတိယအများဆုံး တင်ပို့သူအဖြစ် ဘော့ဆွာနာနိုင်ငံ၏ နောက်တွင် ရပ်တည်နေကြောင်း၊ အီးယူ၏ ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုကြောင့် ယင်းအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်ပြီး၊ ရုရှားနိုင်ငံအား Society for Worldwide Interbank Financial Telecommunication (SWIFT) စနစ်မှ ကန့်သတ်ပိတ်ပင်မှုများကြောင့် စိန်ဈေးကွက်အပေါ် သက်ရောက်မှုရှိမည်ဟု ဘယ်လ်ဂျီယံနိုင်ငံ၏ စိန်လုပ်ငန်းကဏ္ဍမှ ယူဆထားခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

Source: https://www.vrt.be/vrtnws/en/2022/02/26/belgian-business-fears-impact-of-war-in-ukraine/

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## Brent crude ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၃၀ ထိ မြင့်တက်ခဲ့ပြီးနောက် စတော့တန်ဖိုးများ ဆက်လက်ကျဆင်း

ရုရှားနိုင်ငံမှ လောင်းစာဆီတင်သွင်းမှုကို ပိတ်ပင်နိုင်သည့်အလားအလာကြောင့် စွမ်းအင်ဈေးနှုန်းများ ဆက်လက် မြင့်တက်လာပြီး နိုင်ငံ့စီးပွားရေးတိုးတက်မှုအပေါ် ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်မှုများဖြစ်ပေါ်လာကြသည့်အတွက် အမေရိကန် စတော့တန်ဖိုးများလည်း ဆက်လက်ကျဆင်းလျက်ရှိကြောင်း၊ ယနေ့ ၇-၃-၂၀၂၂ ရက်၊ တနင်္လာနေ့တွင် S&P 500 သည် ၁.၄ ရာခိုင်နှုန်း၊ Dow Jones Industrial Average သည် ၁.၂ ရာခိုင်နှုန်းနှင့် Nasdaq Composite သည် ၁.၇ ရာခိုင်နှုန်း အသီးသီး တန်ဖိုးကျဆင်းခဲ့ကြောင်း ၇-၃-၂၀၂၂ ရက်နေ့ ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

ရုရှား-ယူကရိန်းစစ်ပွဲသည် ယနေ့ဆိုလျှင် ၁၂ ရက်ကြာမြင့်ပြီဖြစ်ပြီး ကုန်စည်ဈေးကွက်ကိုလည်း ထိခိုက်ပျက်ဆီးစေခဲ့ပြီး ကမ္ဘာ့ ငွေကြေးစနစ်များကိုလည်း ထိခိုက်မှုတိုးလာစေကြောင်း၊ Brent crude အမျိုးအစား ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ၃.၃ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၁၂၂.၀၇ ထိ ကမ္ဘာ့စံချိန်တင်မြင့်တက်လာခဲ့ကြောင်း၊ ယနေ့ တနင်္လာနေ့ အစောပိုင်းတွင် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၃၀ ထိမြင့်တက်ခဲ့ကာ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လနောက်ပိုင်း အမြင့်ဆုံးအဆင့် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်၊ West Texas Intermediate ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ၁.၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၇.၇၄ ထိ မြင့်တက်ခဲ့ကြောင်း၊ အမေရိကန်နှင့်ဥရောပမိတ်ဖက် နိုင်ငံများသည် ရုရှားနိုင်ငံမှ တင်သွင်းမှုကို ပိတ်ပင်ရပ်ဆိုင်းရန် ဆွေးနွေးလျက်ရှိသည်ဟု နိုင်ငံခြားရေးဝန်ကြီး Mr. Antony Blinkenက

၆-၃-၂၀၂၂ ရက်နေ့ တွင် ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ပုံမှန်စျေးကွက်များသို့ ကုန်စည်ဖြန့်ဖြူးမှုများတွင်လည်း ရှုတ်ထွေးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ လောင်စာဆီစျေး၊ သဘာဝဓာတ်ငွေ့စျေးနှင့် စားသောက်ကုန်စျေးနှုန်းများ မြင့်တက်လာသည့်အတွက် ငွေဖောင်းပွမှုလည်း ပိုမိုမြင့်တက်လာနိုင်ကြောင်း၊ စီးပွားရေးနှေးကွေးကျဆင်းမှုကိုထိန်းချုပ်နိုင်ရန် ဗဟိုဘဏ်၏ လုပ်ကိုင်နိုင်စွမ်းလည်း အကန့်အသတ်ရှိနေကြောင်း၊ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁,၉၈၄ ထိ မြင့်တက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လနောက်ပိုင်း အမြင့်ဆုံးမြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ဥရောပဘဏ်များ၏ ရှယ်ယာတန်ဖိုးများလည်း ကျဆင်းလျက်ရှိကြောင်း၊ Euro Stoxx banking subindex သည် ယခင်သီတင်းပတ်က ၁၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ယနေ့ ၃.၅ ရာခိုင်နှုန်း ဆက်လက်ကျဆင်းခဲ့ကြောင်း၊ ရုရှားစတော့များဖြစ်သည့် Raiffeisen သည် ၃.၇ ရာခိုင်နှုန်း၊ ING သည် ၃.၆ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း၊ ထို့အတူ အာရှ-ပစိဖိတ်ဒေသမှ စတော့တန်ဖိုးများ သိသိသာသာ စံချိန်တင်ကျဆင်းခဲ့ကြောင်း၊ တောင်ကိုရီးယား၏ Kospi Composite သည် ၂ ရာခိုင်နှုန်းကျော်၊ ဂျပန်၏ Nikkei 225 သည် ၂.၉ ရာခိုင်နှုန်း၊ တရုတ်၏ CSI 300 နှင့် ဟောင်ကောင်၏ Hang Seng Index တို့သည် ၃ ရာခိုင်နှုန်း ကျော်စီ အသီးသီးတန်ဖိုးကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။

**Source:**https://www.wsj.com/articles/global-stocks-markets-dow-update-03-07-2022-11646622021?mod=hp_lead_pos1

**ခင်မြမြထွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဝါရှင်တန်)**

**STOCK EXCHANGE (9.3.2022)**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 9th Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 33,109,694 | 271,499 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 1,040 | 2,964,000 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 0 | 0 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 7 | 18,200 | 12,823,224 | 33,340 |
| EFR | 00006 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 20 | 56,000 | 19,977,223 | 55,936 |
| AMATA | 00007 | 5,100 | +100 | +2.00% | 5,100 | 5,100 | 5,100 | 5 | 25,500 | 10,497,598 | 53,538 |


## Market summary

As of 9th Mar. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.17 | +0.60 | +0.16% | 375.57 | 376.17 | 375.57 | 1,072 | 3,063,700 | 7 | 654,398 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 9th Mar. 2022

| MYANPIX | 376.17 ▲ 0.60 |
|---|---|
| Total Volume (shares) | 1,072 |
| Total Value (MMK) | 3 mil |
| Listed Company | 7 |
| Market Cap. (MMK) | 654,398 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,800 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 100 |

TIR